# မိတ်ဆွေတွေ့သည့်မြင်သည့်အတိုင်းဘုရားကျောင်းမှာ

## လူတွေဘာဖြစ်လို့ပုံစံအမျိုးမျိုးနဲ့ရှိခိုးကြတာလည်းဆိုတာမိတ်ဆွေကိုကျမ်းစာအတိုင်းကူညီပြီးဖြေပါရစေ

(၁)**ကျွန်တော်တို့အသံလွှင့်၍ အတူတကွဆုတောင်းခြင်းဟာ** ကျမ်းစာအတိုင်းဖြင့်ကြောင်း မိတ်ဆွေကိုသိစေလိုပါသည်။
"ထိုသူများတို့သည်ကြားရလျှင် တညီတညွတ်တည်းဘုရားသခင်ထံသို့အသံလွှင့်လျက် အစိုးရတော်မူသောအရှင် ကိုတော်သည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ မှစ၍ ထိုအရပ်တို့၌ရှိသမျှတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်ဖြင့်တော်မူ၏" (တမန်တော်ဝတ္ထု ၄:၂၄)

(၂)**လက်မြှောက်၍ရှိခိုးခြင်းဟာ** ဘုရားကျမ်းစာအတိုင်းပဲဖြစ်ကြောင်း သိစေလိုပါသည်။
"သန့်ရှင်းရာဌာနတော်သို့ လက်ကိုချီ၍ ထာဝရဘုရားကိုကောင်းကြီးပေးကြလော့" (ဆာလံကျမ်း ၁၃၄:၂)



(၃)**သီချင်းဆိုချီးမွမ်းခြင်းဟာလည်း** ကျမ်းစာပြောသည့်အတိုင်း ဖြစ်သည်ဟုပြောလိုပါသည်။
"မြေကြီးသားအပေါင်းတို့ ထာဝရဘုရားအားကြွေးကြော်ကြလော့ အသံဗလံကိုပြု၍ ရွှင်လန်းစွာသီးချင်းဆိုလျက် ချီးမွမ်းကြလော့" (ဆာလံကျမ်း ၉၈:၄)

(၄)**တူရိယာတီးမှုတ်ခြင်းသည်** ကျမ်းစာအတိုင်းဖြစ်ကြောင်း ပြောလိုပါသည်။
"ဒါဝိဒ်မင်းကြီးနှင့်ဣသရေလ အမျိုးသားအပေါင်းတို့သည် စောင်း၊ တယော၊ ပတ်သာ၊ နှဲခရာ၊ ခွက်ကွင်းတို့ကိုကိုင်လျက် ထာဝရဘုရားရှေ့တော်၌ အားထုတ်၍တီးမှုတ်ကြ၏" (ဓမ္မရာဇဝင်ဒုတိယစောင် ၆:၅)

(၅)**လက်ခုပ်တီးခြင်းဟာ** ကျမ်းစာမှအမိန့်ပေးထားသော အချက်ဖြစ်ပါသည်။
"လူများအပေါင်းတို့လက်ခုပ်တီးကြလော့ ဘုရားသခင်ထံသို့ အောင်သံကိုလွှင့်၍ ကြွေးကြော်ကြလော့" (ဆာလံကျမ်း ၄၇:၁)

(၆)**ကခုန်ရှိခိုးခြင်းသည်** ကျမ်းအတိုင်းဖြစ်ပါသည်။
"ပတ်သားတီးလျက် ကခုန်လျက်နှင့် ချီးမွမ်းကြလော့၊ ကြိုးနှင့်ပြည့်စုံသော တူရိယာကိုတီးလျက် နှဲခရာကိုမှုတ်လျက် ချီးမွမ်းကြလော့" (ဆာလံကျမ်း ၁၅၀:၄)

(၇)**သက်သေခံခြင်း** ပရိသတ်အလည်တွင် ဘုရားကိုချီးမွမ်းခြင်းသည် ကျမ်းစာအတိုင်ဖြစ်ပါသည်။
"အကျွန်ုပ်သည် သိတင်းတော်ကိုညီအစ်ကိုတို့အား ပြောကြားပါမည်၊ ပရိသတ်အလည်မှာကိုယ်တော်ကို ချီးမွမ်းပါမည်" (ဆာလံကျမ်း ၂၂:၂၂)



(၈)**မကျန်းမာသောသူများအား ဆုတောင်းပေးခြင်းသည်** ကျမ်းစာပြောသည့်အတိုင်းဖြစ်ပါသည်။
"နာသောသူရှိလျှင် သင်းအုပ်တို့ခေါ်၍ သူတို့သည်သခင်ဘုရား၏ နာမတော်ကိုအမှီပြု၍ လူနာကိုဆီနှင့်လူး၍ သူ့အပေါ်မှာဆုတောင်းကြစေ" (ရှင်ယာကုပ် ၅:၁၄)

ကျွန်တော်တို့နှင့်အတူ သခင်ဘုရားအား နာမ်၊ ဝိညာဉ်ဖြင့်လည်းကောင်း သစ္စာဖြင့်လည်းကောင်း ကိုးကွယ်ရန် တိုက်တွန်းနှိုးဆော်လိုပါသည်။ (ယောဟန် ၄:၂၄)

Apostolische Pfingstgemeinde
Friedelsheimerstr. 18-20
D - 68199 Mannheim (Neckarau) /Germany
Pastor Raymond Wey
Assistent Pastor Sascha Wey
www.jesus-is-god.de